ပြင်ကြီးကျေးရွာ

ပုလောမြို့နယ်၊ မြိတ်ခရိုင်

တနင်္သာရီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပြင်ကြီးကျေးရွာ၊ ပုလောမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပုလောမြို့နယ်နှင့် ဦးကောင်းမြတ် -

LIFT/ Technical Assistant Team တို့ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ပြင်ကြီးကျေးရွာ သယံဇာတပြမြေပုံ၊ ပုလောမြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း	၈
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၉
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၉
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၉
	(ခ) ကျေးရွာ မီးလင်းရေး	၁၀
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၀
၆။	**ပညာရေး**	၁၀
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၁
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၁
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၂
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၃
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၆
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၇
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၂၃
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၆၀
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၂
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၄

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ

ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


ဒီဇင်ဘာလ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပြင်ကြီးကျေးရွာ

ပုလောမြို့နယ်

ပြင်ကြီးကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ပုလောမြို့နယ်



ရာသီခွင်ပြ ပြက္ခဒိန်

အဖြစ်အပျက်များ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တောင်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း	မှတ်ချက်
ရာသီဥတု	မိုးခြိုး	မိုးခြိုး	မိုးများ	မိုးများ	မိုးများ	မိုးအသင့်တင့်/နေပူ	ဆောင်းမိုးမရွာ	ဆောင်းမိုးမရွာ	ဆောင်းမိုးမရွာ	ပူပြင်းခြောက်သွေ့	ပူပြင်းခြောက်သွေ့	ပူပြင်းခြောက်သွေ့	
အလုပ်အကိုင်	ဥယျာဉ်	စပါး၊ဥယျာဉ်	စပါး၊ဥယျာဉ်	စပါး၊ဥယျာဉ်	စပါး၊ဥယျာဉ်	စပါး၊ဥယျာဉ်	ဥယျာဉ်	ဥယျာဉ်	ဥယျာဉ်	ဥယျာဉ်	ဥယျာဉ်	ဥယျာဉ်	
လက်လုပ်လက်စားမိသားစုဝင်ငွေရရှိမှု	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	
အသုံးစရိတ်	သင့်	နည်း	နည်း	နည်း	သင့်	သင့်	များ	များ	များ	များ	များ	များ	
ချေးငွေလိုအပ်မှု	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	
ဝမ်းစာဖူလုံမှု	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	
သောက်သုံးရေရရှိမှု	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	
တိရစ္ဆာန်ရောဂါကျရောက်မှု	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	
ကျန်းမာရေး(ဗျားနာခြင်း)	မရှိ	သင့်	သင့်	သင့်	သင့်	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	
သီးနှံရောဂါကျရောက်မှု	မရှိ	မရှိ	သင့်	သင့်	သင့်	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	
ပွဲတော်များ	သင်္ကြန်	ရေသွန်းပွဲ	မရှိ	မရှိ	မရှိ	မရှိ	မီးထွန်းပွဲ	ကထိန်ပွဲ	မရှိ	မရှိ	မရှိ	မရှိ	
သဘာဝဘေး အန္တရာယ်ကျရောက်မှု	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	

အဖွဲ့အစည်းချိတ်ဆက်မှုပုံစံ(Venn Diagram)



ဥစ္စာဓနအဆင့် သတ်မှတ်ချက်

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂	၁၉	၃၅	၂၉

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပြင်ကြီးကျေးရွာသည် ခန္တီကျေးရွာအုပ်စု၊ ပုလောမြို့နယ်တွင် ပါဝင်ပါသည်။ ခန္တီကျေးရွာအုပ်စုသည် ကပ္ပလီပင်လယ်အတွင်းရှိ ခန္တီကျွန်းပေါ်တွင် တည်ရှိပြီး ကျွန်း၏ အရှေ့ဘက်တွင် ပြည်ခြားကျေးရွာအုပ်စု၊ မြောက်ဘက်တွင် ကျောက်လုံးကြီးကျေးရွာအုပ်စု၊ အနောက်တောင်ဘက်တွင် ပြင်ဘုကြီးကျေးရွာအုပ်စုတို့နှင့် ပင်လယ်ရေလမ်းခရီးဖြင့် ဆက် သွယ်နိုင်ပါသည်။ ပြင်ကြီးကျေးရွာသည် ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှအမြင့် (၅-၁၂) ပေ အထက်တွင် တည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ခန္တီကျေးရွာအုပ်စုသည် ပူနွေးစွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးပူချိန် (၃၈.၅) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၁၈.၅) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ ခန္တီကျေးရွာအုပ်စု၏ အမြင့်ဆုံးမိုးရေချိန်မှာ (၁၉၅.၅၀) လက်မဖြစ်ပြီး၊ အနိမ့်ဆုံးမိုးရေချိန်မှာ (၁၂၀.၉၂) လက်မဖြစ်ပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတ အရင်းအမြစ်များ မထွက်ရှိပါ။ ကျောက်၊ သဲနှင့် ကျောက်စရစ်များလည်း မထွက်ရှိပါ။ ကျေးရွာပတ်ဝန်းကျင်တွင် ဆေးဖက်ဝင်အပင် မျိုးများ အနည်းငယ် တွေ့ရှိရပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ပြင်ကြီးကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၂၅) အိမ်ရှိပြီး လူဦးရေပေါင်း (၆၀၉) ဦးရှိပါသည်။ ပြင်ကြီးကျေးရွာသည် ဖွံ့ဖြိုးရေးပိုင်းအနေဖြင့် အသင့်အတင့် တိုးတက်မှုရှိနေသော ရွာတစ်ရွာပင် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ပြည်သူ့စစ်အဖွဲ့၊ ေဂါပကအဖွဲ့၊ လူငယ်သက်လတ်အဖွဲ့၊ မိန်းမသက်လတ်အဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီ စသည်တို့သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အားတက်သရော စုပေါင်း လုပ်ဆောင်နေကြပါသည်။

ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများဖြစ်သော Pact Myanmar အဖွဲ့နှင့် ဒီရေတောထိန်းသိမ်းရေးအဖွဲ့ စသည့်အဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်ပေးလျက် ရှိပါသည်။ ကျန်ရှိသောကဏ္ဍများပါ တိုးတက်လာစေရန် အတွက် အခြားသော သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ပြင်ကြီးကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၉၀) ဧက၊ ဥယျာဉ်ခြံမြေ (၁၆၈) ဧကနှင့် စားကျက်မြေ (၅၀၀) ဧက၊ စုစုပေါင်း (၇၅၈) ဧက ရှိပါသည်။ ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ ( ) အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် ( ) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် ( ) အိမ်ထောင်စု၊ ၁၂.၅ ဧကအထက် တောင်သူကြီး ( ) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးသီးနှံကို အားထားစိုက်ပျိုးပြီး ကွမ်းသီး၊ သီဟိုဠ်၊ ရော်ဘာ တို့ကိုလည်း စိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စု၏ (%) ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက်လုပ်ကိုင်နေကြ ပါသည်။

စီးပွားရေးအနေဖြင့် သင့်တင့်မျှတကောင်းမွန်သော ရွာတစ်ရွာ ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံသောရွာတစ်ရွာ ဖြစ်သော်လည်း ရွာ၏ဝမ်းစာဖူလုံမှုအတွက်သာ စိုက်ပျိုးနိုင်ပြီး ဈေးကွက်သို့တင်ပို့ရောင်းချနိုင်မှု မရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်း၊ မြေဆီလွှာမကောင်းခြင်း၊ သီးနှံပိုးမွှားရောဂါ ကျရောက်ခြင်းများ ရှိနေပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ စပါး အထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ (၄၅) တင်းသာ ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက် (၁၀) စီးရှိပြီး၊ ရေစုပ်စက် (၃) လုံးနှင့် မြက်ရိတ်စက် (၄) လုံး ရှိပါသည်။ ခြွေလှေစက်ကို ခန္ဓီကျေးရွာမှ ငှားရမ်းလုပ်ကိုင်ကြပါသည်။ ဆင်းရဲသားတောင်သူအများစုသည် လယ်ယာသုံး စက်ကိရိယာများ ငှားရမ်းလုပ်ကိုင်နေသူများသည့်အတွက် လယ်လုပ်ချိန်တွင် စိုက်ပျိုးချိန်နှင့် တပြေးညီ မပြီးစီးသည့် အခက်အခဲများ ကြုံတွေ့နေရပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများကိုလည်း လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်ကြပါသည်။ သီးနှံမျိုးစေ့မှာ ဒေသမျိုးတစ်ခုကိုသာ သုံးစွဲနေပါသည်။ ပိုးမွှားရောဂါကျရောက်ခြင်း၊ စိုက်ပျိုးမြေ မတိုးချဲ့နိုင်ခြင်း၊ လယ်ယာသုံးစက် ကိရိယာများ

မလုံလောက်ခြင်းများ ရှိနေပါသည်။ ပြင်ကြီးကျေးရွာတွင် သီးနှံထုတ်လုပ်မှုအတွက် ပြဿနာများမှာ စိုက်ပျိုးနည်းစနစ်အတိုင်း လိုက်ပါလုပ်ဆောင်နိုင်မှုအားနည်းခြင်း၊ စိုက်ပျိုးရေအရင်းအမြစ် အလွယ်တကူ မရရှိနိုင်ခြင်း၊ အထွက်ကောင်း သီးနှံမျိုးစေ့များ အလွယ်တကူမရရှိခြင်း၊ ပိုးမွှားရောဂါကျရောက်မှု အနည်းငယ် ရှိခြင်း၊ ဥယျာဉ်ခြံ စိုက်ပျိုးသူများအတွက် ချေးငွေမရရှိနိုင်ခြင်း စသည်တို့ရှိသည့်အတွက် စိုက်ပျိုးရေးနည်းပညာပေးသင်တန်း၊ ပိုးမွှားရောဂါကာကွယ်ရေးနှင့် သက်ဆိုင်သည့်သင်တန်း၊ ကာလရှည်ချေးငွေများ လိုအပ်နေပါသည်။

(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

ပြင်ကြီးကျေးရွာတွင် ကျွဲမွေးမြူထားသည့် အိမ်ထောင်စု (၂) စုမှ (၄) ကောင်၊ အိမ်ထောင်စု (၂၂) အိမ်မှ ဝက် (၃၅) ကောင်၊ အိမ်ထောင်စု (၂၉) အိမ်မှ ကြက် (၂၁၁) ကောင်၊ အိမ်ထောင်စု (၂) အိမ်မှ ဘဲ (၈) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူသည့် အိမ် ထောင်စုများ ဖြစ်ကြ ပါသည်။ ရေငန်ငါးဖမ်းခြင်း လုပ်ကိုင်နေသည့် အိမ်ထောင်စု (၆) စု ရှိပါသည်။

စီးပွားဖြစ်မွေးမြူရေးကို လုပ်ကိုင်လိုကြသော်လည်း အစာရေစာရရှိနိုင်မှု မလုံလောက်ခြင်း၊ မျိုးဝယ်ယူမှု စရိတ်ကြီးမားခြင်း၊ တိရိစ္ဆာန်ရောဂါ ကျရောက်မှုနှင့် ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာ သိရှိမှုများ အားနည်းခြင်း၊ မွေးမြူရေး ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ပုံမှန် မရရှိခြင်း စသည်တို့ ကြုံတွေ့ရပါသည်။ စီးပွားဖြစ်မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာအတွင်းရှိ အခြားဝင်ငွေရလုပ်ငန်းများတွင် ကိုယ်ပိုင်လုပ်ကိုင်သည့် အိမ်ထောင်စုအရေအတွက် နည်းပါးပြီး အခြားဒေသများမှ လာရောက်လုပ်ကိုင်သောသူများထံတွင် အခစား (နေ့စား) သွားရောက်လုပ်ကိုင်ခြင်းများ ပိုမိုများပြားပါသည်။ မြို့များသို့ သွားရောက်လုပ်ကိုင်ရန်အတွက် ရွာသူရွာသားများမှာ အတန်းပညာရေး အားနည်းသောကြောင့် မိမိကျေးရွာတွင်သာ ကျပန်း၊ တောင်ယာ (နေ့စား) စသည်ဖြင့် လုပ်ကိုင်နေကြပါသည်။

ဒေသမှ မည်သည့်ထုတ်ကုန်မျှ ထုတ်လုပ်မှုမရှိခြင်းနှင့် ဈေးကွက်ဆိုင်ရာ ချိတ်ဆက်မှု အားနည်းခြင်း၊ အသက်မွေးဝမ်းကျောင်းပညာများ လက်လှမ်းမီမှု အားနည်းခြင်း၊ မိရိုးဖလာကျပန်းအလုပ်ကိုသာ အာရုံစိုက်၍ လုပ်ကိုင်ကြခြင်း၊ လုပ်ငန်းအပေါ်မူတည်၍ ထုတ်ချေးပေးသည့် ချေးငွေပမာဏနှင့် ပြန်လည်ပေးဆပ်သည့်ပုံစံကို သတ်မှတ်သည့်ချေးငွေ မရှိခြင်းတို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ ဖြစ်နေပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ပြင်ကြီးကျေးရွာတွင် လယ်ယာလုပ်ကိုင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေများလည်း ရှိပါသည်။ အဖွဲ့လိုက် ငွေစုငွေချေး အစီအစဉ်၊ ငွေချေးပေးမှုနှင့် အပေါင်ဆိုင်များမှ ချေးငွေရယူမှုများမှာ အလွန်နည်းပါးလှပါသည်။ အဓိကအားဖြင့် ဆွေမျိုးများထံမှ ဘက်စုံလိုအပ်မှုအတွက် ချေးယူကြခြင်း ဖြစ်ပါသည်။ အတိုးနှုန်းမှာ (၁၀%) ဖြစ်ပြီး အပေါင်ခံပစ္စည်း အနည်းငယ် လိုအပ်ပါသည်။ ပိုင်ဆိုင်မှုမရှိလျှင် ချေးငွေရရှိရန် အခက်အခဲများ ကြုံတွေ့နေရပါသည်။ ကျေးရွာပြည်သူ အများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် လိုအပ်သော်လည်း အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာအတွင်း ချေးငွေလိုအပ်ချက် များပြားနေပါသည်။ ထိုကြောင့် အစိုးရဘဏ်/ ပုဂ္ဂလိကဘဏ်များမှ အတိုးနှုန်းသက်သာစွာဖြင့် ကာလရှည်ချေးငွေများ ထုတ်ပေးပါက မိသားစုစားဝတ်နေရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စများအတွက် မှီခို အဆင်ပြေနိုင်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ပြင်ကြီးကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စက်လှေ၊ ထော်လာကျီများနှင့် ဆိုင်ကယ်များကိုသာ အဓိကထား အသုံးပြုကြပါသည်။ လွန်ခဲ့သော (၁၀) နှစ်ခန့်က ရေကြောင်းခရီးကို အဓိကထား အသုံးပြုကြသော်လည်း ယခုအခါ ကူးတို့ဖြင့် တောင်ခေါင်းလောင်း-ကထောင်းနီလမ်းကို အသုံးပြုသူ များပြားလာပါသည်။ ကျေးရွာတွင် တောင်ခေါင်းလောင်းမှ ကထောင်းနီဆိပ်ကမ်းသို့ ကူးတို့ပြေးဆွဲလျှက်ရှိသည့် စက်လှေ (၂) စင်း ရှိပါသည်။ ကုန်းလမ်းခရီးကို ပိုမိုအသုံးပြုနိုင်ခြင်းကြောင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး

အဘက်ဘက်မှ မြင့်တက်လာပြီး ကုန်စည်စီးဆင်းမှုမှာလည်း လျင်မြန်လာပါသည်။ သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင်ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေးပေါ်ပြဿနာများဖြစ် ပေါ်လာသည့်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

ပြင်ကြီးကျေးရွာတွင် ကျောက်ခင်းမြေသားလမ်း (၇၀%) ရှိပါသေးသည်။ ကွန်ကရစ်လမ်းမှာ (၃၀%) သာ ပြီးစီးပြီးဖြစ်သည်။ ထို့ကြောင့် ရဟန်းသံဃာ၊ ဆရာ/ဆရာမ၊ ကျောင်းသူ/သားများနှင့် ရွာသူ/သားများသွားလာရာတွင် အခက်အခဲများ ရှိနေပါသည်။

သစ်သားတံတား (၃) စင်းရှိပြီး အရည်အသွေးမှာ ကောင်းမွန်မှု မရှိတော့သဖြင့် ကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင် လိုကြပါသည်။ ပြင်ကြီးကျေးရွာသည် မြစ်ချောင်းနှင့် နီးသော်လည်း ဆိုင်ကယ်ဖြင့်သာ သွားလာကြပါသည်။ တစ်ခါတစ်ရံ မြစ်ချောင်းများမှ သစ်ဖောင်၊ ဝါးဖောင်များသွားလာလေ့ ရှိပါသည်။ တံငါလုပ်ငန်းလိုပ်ကိုင်နေသည့် အိမ်ထောင်စုများမှလည်း လေ့၊ စက်လှေများဖြင့် အသုံးပြု ကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ပြင်ကြီးကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးရွာပြည်သူများ၊ ကုမ္ပဏီတို့နှင့် ပူးပေါင်းဆောင်ရွက်ပေးသော အသေးစားဆိုလာ ဓာတ် အားပေးစနစ်ရှိလာသောကြောင့် မီးလင်းရေးနှင့်ပတ်သက်၍ အခက်အခဲမရှိပါ။ သို့သော် ငွေကြေး အဆင်မပြေ၍ ဆိုလာမီး မယူနိုင်သော အိမ်ထောင်စု (၆၆) အိမ်မှာ အခြားသော နည်းလမ်းများဖြင့် မီးအသုံးပြုလျှက်ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ပြင်ကြီးကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၈၅) လုံး၊ ရေဒီယို (၁၇) လုံး၊ တီဗွီ (၈၀) လုံး၊ ဂြိုလ်တုစလောင်း (၆၀) လုံး စသည်တို့မှ ရရှိသည့် အပြင် အမ်ပီတီလိုင်းကိုသာ အဓိကထား သုံးနိုင်ပြီး ဖုန်းဆက်သွယ်ရေးစနစ်မှာ လိုင်းမကောင်းလှချေ။

၆။ ပညာရေး

ပြင်ကြီးကျေးရွာပိုင် မူလတန်းကျောင်းတွင် အခြေခံပညာမူလတန်းအဆင့်ကို သင်ယူနိုင်ပြီး နီးစပ်ရာ ခန္ဓီကျေးရွာတွင် အလယ်တန်းနှင့် အထက်တန်းအဆင့်များကို ဆက်လက် ပညာသင်ယူနိုင်ပါ သည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသား/သူများလည်း

ရာခိုင်နှုန်း အနည်းငယ် ရှိ ပါသည်။ ကျေးရွာတွင် အသက်ကြီးပိုင်း စာမတတ်သူ တစ်ချို့ ရှိပါသည်။ ဘွဲ့ရသူဦးရေ (၈) ဦးအထိ ရှိနေပြီဖြစ်သည်။ မူလတန်းပညာပြီးမြောက်မှုမှာ ကျေးရွာရှိ စုစုပေါင်း လူဦးရေ၏ (၆၈.၅၀%)၊ အလယ်တန်းပညာ ပြီးမြောက်မှုမှာ (၁၆.၆၉%) ရှိပြီး၊ အထက်တန်းပညာပြီး မြောက်မှုတွင် သိသာစွာ လျော့နည်းလာပါသည်။ သို့သော်လည်း ယခင်ကာလများနှင့် နှိုင်းစာလျှင် ဘွဲ့ရဦးရေ ရှိလာသည်ဟု ဆိုနိုင်ပါသည်။ ကျောင်းသား/သူများ လုံခြုံစွာ ပညာသင်ကြားနိုင်ရန်အတွက် ကျောင်းခြံစည်းရိုးကာရံရန် လိုအပ်နေပြီး၊ ကျောင်းသူ/သားများအတွက် သောက်သုံးရေကို ဝယ်ယူသောက်သုံး နေရ ပါသည်။

ပြင်ကြီးကျေးရွာတွင် ယခုလက်ရှိ ပညာသင်ကြားနေသော လူဦးရေမှာ (၁၀၈) ဦး ရှိပြီး ကျောင်းဆရာ/ဆရာမ လုံလောက်မှု ရှိပါသည်။ မူလတန်းကျောင်းထွက်နှုန်းမှာလည်း မရှိသလောက် နည်းပါးပါသည်။ ကျောင်းအားကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှု မရှိ သည့်အတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။ မိဘဆရာအသင်း ၏ ပူးပေါင်းဆောင်ရွက်မှုမှာ ကောင်းမွန်ပါသည်။ ကျေးရွာတွင် ပညာရေးနှင့်ပတ်သက်၍ စာသင်ခန်းများ မလုံလောက်သည့် အခက်အခဲနှင့် ကြုံတွေ့နေရပါသည်။ ပြင်ကြီးကျောင်း တွင် လိုအပ်နေသော အခန်းများမှာ စတုတ္ထတန်းစာသင်အခန်း၊ စတိုခန်း၊ ဆရာမကြီးရုံးခန်း စသည်တို့ ဖြစ်ပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ပြင်ကြီးကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ် သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျက်ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာရှိ ကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး လာရောက်ထိုးနှံ ပေးခဲ့ပါသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ရွာသူ/သားများသည် ကျေးရွာအတွင်း နေထိုင် သော ကျန်းမာရေးဆရာမကိုသာ မှီခိုနေရပါသည်။ ကျေးရွာတွင် ကျေးလက် ကျန်းမာရေး ဌာနမရှိပါ။ ကျန်းမာရေးမကောင်းဖြစ်လာလျှင် (၁) မိုင်ခန့်ဝေးသော ခန္တီကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်၍ ပြသရပါသည်။ ကျေးရွာအတွင်း ဆေးဆိုင် ရှိသော်လည်း ဆေးများကို စနစ် တကျသိုလှောင်ထားခြင်း အားနည်းပါသည်။ ကျန်းမာရေး နှင့် ပတ်သက်၍ ရောဂါပြင်းထန်သည့် လူနာများသည် ပလောက်မြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသမှု ခံယူကြရပါ သည်။

ပြင်ကြီးကျေးရွာတွင် တစ်ရွာလုံးအနေဖြင့် ရေတွင်း (၁၄) တွင်းရှိပါသည်။ နွေရာသီတွင် ရေခမ်းခြောက်မှုများ ရှိသဖြင့် ကျေးရွာမှ ( ) မိုင်ကွာဝေးသည့် ချောင်းများမှ ပိုက်ဖြင့် သွယ်တန်းကြပြီး သောက်သုံးရေကို ရယူအသုံးပြုနေကြပါသည်။ အဝီစိတွင်း (၁) တွင်း တူးဖော်၍ အိမ်တိုင်ရာရောက် ရေသွယ်တန်းခြင်းစနစ်ကို လိုအပ်လျက် ရှိပါသည်။

ပြင်ကြီးကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲသော အိမ်ထောင်စုမှာ (၅၁) အိမ်ရှိပြီး ကျန်အိမ်ထောင်စု များမှာ ယင်လုံအိမ်သာ ဆောက်လုပ်ရာတွင် ကုန်စရိတ်များပြားမှုကြောင့် မဆောက်လုပ်နိုင်ကြဘဲ ကျင်းအိမ်သာ (တွင်းအိမ်သာ)၊ မြေပေါ်အိမ်သာ (တွင်းမရှိအိမ်သာ) နှင့် တောထိုင်ခြင်းများကို ပြုလုပ်ကြပါသည်။ ထို့ကြောင့် အိမ်တိုင်းစေ့ ယင်လုံအိမ်သာ ဆောက်လုပ်ကြရန်နှင့် ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်လိုကြပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ပြင်ကြီးကျေးရွာတွင် မိုးတွင်းကာလ မိုးသက်လေပြင်း တစ်ခါတစ်ရံ ကျရောက်သည်မှလွဲ၍ သဘာဝဘေးအန္တရာယ် ကျရောက်မှု နည်းပါးပါသည်။ အကယ်၍ ဘေးအန္တရာယ် ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်း ထားရှိမှု မရှိပါ။ အမှိုက်စွန့်ပစ်ရာတွင် စည်းစနစ်တကျမရှိဘဲ စည်းကမ်းမဲ့စွာ စွန့်ပစ်လျက် ရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်လိုကြပါသည်။ ထိုမှသာလျှင် ကျေးရွာသူ/သားများ ကောင်းကျိုး၊ ဆိုးကျိုးကို ခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ်ဆောင် လာမည် ဖြစ်ပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ပြင်ကြီးကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့် အမျိုးသားဦးရေမှာ အတူတူပင် ဖြစ်သည်။ ကျေးရွာရှိ အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင် နည်းပါးပါသည်။ ကျေးရွာရှိ အုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပါဝင်လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် မုချဧကန် တိုးတက်ပြောင်းလဲလာပါမည်။ အမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကို မြင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး အသင်းအဖွဲ့များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည် ဖြစ်ပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ၊

ဥပဒေနှင့်တရားမျှတမှု ဆိုင်ရာများအတွက် အသိအမြင်မရှိသဖြင့် ပညာပေးသင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် - ခန္ဓီ			ကျေးရွာအမည် - ပြင်ကြီး	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	အဆိုပြု စီမံချက်နှင့် လုပ်ငန်းစဉ်များ	
၁	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး	အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။	
၂	စိုက်ပျိုးရေး	နည်းပညာ	မျိုးကောင်းမျိုးသန့်ထုတ်လုပ်နည်း သင်တန်းများ ဆောင်ရွက်ခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နှင်းရေး နည်းပညာသင်တန်း/ ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။	
၅	စိုက်ပျိုးရေး	ဈေးကွက်	စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေးအမြင်ဖွင့် သင်တန်းများ ပြုလုပ်ခြင်း။	
၆	စိုက်ပျိုးရေး	ဈေးကွက်	ဈေးကွက်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အတိုင်း ထုတ်လုပ်ခြင်း။	
၇	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး (ရေငံ)	မြို့နယ် မွေး/ကုဋ္ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများ (ရေငန်ငါး) နှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။	
၈	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မွေးမြူရေးဈေးကွက် ဆန်းစစ်ခြင်းနှင့် ထုတ်ကုန် ဈေးကွက်ကောင်း ရရှိရန် ချိတ်ဆက်ခြင်း။	
၉	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	ဖမ်း (ရေငံ)	ကမ်းဝေးဝါလက်ဖမ်းဆီးသူများ ကမ်းနီးတွင် လာရောက်ဖမ်းယူခြင်းမပြုနိုင်ရန် တားမြစ်ကာကွယ်ပေးခြင်း။	
၁၀	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။	
၁၁	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့်	

ကျေးရွာအုပ်စုအမည် - ခန္ဓီ			ကျေးရွာအမည် - ပြင်ကြီး	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	အဆိုပြု စီမံချက်နှင့် လုပ်ငန်းစဉ်များ	
	လုပ်ငန်းများဆိုင်ရာ		မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်)	
၁၂	ငွေကြေး	အသေးစား	အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။	
၁၃	ငွေကြေး	အသေးစား	အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ် ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။	
၁၄	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကိုယ်ထူကိုယ်ထ မူလတန်းကျောင်းဆောင် (၃၀' - ၉၀') မျက်နှာကြက် နှင့် နံရံ အချောကိုင်ခြင်း။	
၁၅	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းခြံစည်းရိုး ကာရန်ခြင်း (.....) ပေ။	ဒုတိယ
၁၆	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	နှစ်ခန်းတွဲ အိမ်သာ (၁) လုံး ပြင်ဆင်ခြင်း။	
၁၇	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကေဂျီကျောင်းဆောင် တစ်ဆောင် ဆောက်လုပ်ခြင်း။	ဆောင်ရွက်ဆဲ
၁၈	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကလေးကစားကွင်း တည်ဆောက်ခြင်း။	
၁၉	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ စီစဉ်ပေးခြင်း။	
၂၀	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကြာပန်းထောင်းရေဆိပ်ဆင်းလမ်း (၁၀၀၀) ပေအား မြေသားလမ်း ပြုလုပ်ခြင်း။	
၂၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ပြင်ကြီး-ကြာပန်းထောင်း ကျေးရွာချင်းဆက်လမ်း (၁၀၀၀) ပေအား ကျောက်ခင်းလမ်း ပြုလုပ်ခြင်း။	

ကျေးရွာအုပ်စုအမည် - ခန္ဓီ			ကျေးရွာအမည် - ပြင်ကြီး	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	အဆိုပြု စီမံချက်နှင့် လုပ်ငန်းစဉ်များ	
၂၂	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	အစိုးရတာတမံလမ်း (၂၁၀၀) ပေအား ကျောက်ခင်းလမ်း ပြုလုပ်ခြင်း။	
၂၃	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျောက်မြားရေဆိပ်ဆင်းလမ်း (၂၀၀၀) ပေအား ကျောက်ခင်းလမ်း ပြုလုပ်ခြင်း။	
၂၄	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	နီဗွာန်လမ်း (၂၃၀၀) ပေအား ကျောက်ခင်းလမ်း ပြုလုပ်ခြင်း။	
၂၅	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ဝါးတောချောင်း ရေဆိပ်ဆင်းလမ်း (၅၀၀) ပေအား ကျောက်ခင်းလမ်း ပြုလုပ်ခြင်း။	
၂၆	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ဝါးတောချောင်းဆိပ် နှင့် ကျောက်မြားဆိပ်လမ်း (၁၀၀၀) ပေအား ကျောက်ခင်းလမ်း ပြုလုပ်ခြင်း။	
၂၇	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကွက်သစ်ရပ်လမ်း (၁၀၀၀) ပေအား ကျောက်ခင်းလမ်း ပြုလုပ်ခြင်း။	တတိယ
၂၈	အခြေခံအဆောက်အဦ	သောက်သုံးရေ	အဝီစိတွင်းတူးဖော်ခြင်းနှင့် အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်း။	ပထမ
၂၉	လျှပ်စစ်	ဆိုလာ အသေးစားစက်ရုံ	အသေးစားဆိုလာစက်ရုံဖြင့် ကျေးရွာလုံးကျွတ် မီးလင်းရေးအတွက် ဆောင်ရွက်ခြင်း။	ပြီးစီး
၃၀	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ရပ်ရွာဖွံ့ဖြိုးရေးများတွင် အသိပညာ၊ အတတ်ပညာများ ရရှိနိုင်ရေး ဖွံ့ဖြိုးရေးလူငယ် အဖွဲ့တစ်ခု ဖွဲ့စည်းလုပ်ဆောင်ခြင်း။	
၃၁	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ကျေးရွာပိုင် လေ့လာရေး စင်တာတစ်ခု တည်ဆောက်ခြင်း။	
၃၂	လူငယ်နှင့်အားကစား	အမျိုးသမီး	အမျိုးသမီးများအား တရားဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။	
၃၃	သယံဇာတနှင့်သဘာဝ ဝန်းကျင်	သဘာဝဘေး လျော့ချရေး	သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများ အား ချိတ်ဆက်ခြင်း။	
၃၄				
၃၅				
၃၆				
၃၇				

ကျေးရွာအုပ်စုအမည် - ခန္ဓီ			ကျေးရွာအမည် - ပြင်ကြီး	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	အဆိုပြု စီမံချက်နှင့် လုပ်ငန်းစဉ်များ	
၃၈				
၃၉				
၄၀				

ပြင်ကြီးကျေးရွာ၊ ခန္တီကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကျော်ထွေး	ဦးဟန်စိုး	ဖ/ပလန (နိုင်)	၄၈	နာယက	-
၂	ဦးအောင်သာထွန်း	ဦးဉာဏ်လင်း	ဖ/ပလန (နိုင်)	၃၉	နာယက	-
၃	ဦးဟန်စိုး	ဦးချစ်စိန်	ဖ/ပလန (နိုင်) ၀၅၀၇၁၅	၃၇	ဥက္ကဋ္ဌ	၀၉ ၇၇၃ ၀၉၈ ၀၉၃
၄	ဦးယုစိုး	ဦးကုံ	ဖ/ပလန (နိုင်) ၀၇၅၈၀၁	၃၇	အတွင်းရေးမှူး	၀၉ ၇၈၆ ၇၈၃ ၈၉၀
၅	ဦးကျော်နိုင်	ဦးဆင်ကြိုင်	ဖ/ပလန (နိုင်)	၃၇	ဘဏ္ဍာရေးမှူး	-
၆	ဒေါ်ဥမ္မာလွင်	ဦးဘရှင်ဖေ	ဖ/ပလန (နိုင်)		စာရင်းကိုင်	-
၇	ဒေါ်အေးအေးခိုင်	ဦးဘသီးအောင်	ဖ/ပလန (နိုင်)	၄၂	စာရင်းစစ်	-
၈	ဒေါ်သူဇာခိုင်	ဦးမြင့်ရွှေ	ဖ/ပလန (နိုင်)	၃၅	အဖွဲ့ဝင်	-
၉	ဒေါ်ဥမ္မာစိုး	ဦးဘထုပ်	ဖ/ပလန (နိုင်) ၀၀၉၄၂၈	၃၁	အဖွဲ့ဝင်	၀၉ ၇၇၈ ၅၃၇ ၁၅၆
၁၀	ဦးပေါ့ဖူး	ဦးလင်းဖေ	ဖ/ပလန (နိုင်)	၃၇	အဖွဲ့ဝင်	-
၁၁	ဦးဆန်းလွင်	ဦးမြင့်	ဖ/ပလန (နိုင်)	၃၅	အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၈	၉	၁၇
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၃၇	၂၈	၆၅
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၁	၄၁	၇၂
၁၀ နှစ်မှ ၁၄ နှစ်အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၁	၅၂	၉၃
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၆၄	၁၆၅	၃၂၉
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၁၅	၁၈	၃၃
စုစုပေါင်း		**၂၉၆**	**၃၁၃**	**၆၀၉**
စုစုပေါင်း အိမ်ထောင်စု		**၁၂၅**		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ ပြင်ကြီးကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၂၅) အိမ်ရှိပြီး လူဦးရေပေါင်း (၆၀၉) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၂.၁၉%)၊ ၅ နှစ်အောက်ကလေးအရွယ် (၁၀.၆၇%)၊ မူလတန်းကျောင်းသားအရွယ် (၁၁.၈၂%)၊ အလယ်တန်း ကျောင်းသားအရွယ် (၁၅.၂၇%)၊ သက်ကြီးရွယ်ကြီးအရွယ် (၅.၄၂%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၄၅.၉၇%) နှင့် အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၁၆၄) ဦး၊ မ (၁၆၅) ဦး စုစုပေါင်း (၃၂၉) ဦး ရှိပြီး တစ်ရွာလုံး လူဦးရေ၏ (၅၄.၀၂%) ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄.၈၇) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် လျော့နည်းနေပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်မလုပ်နိုင်သော လူဦးရေများပြားမှုကြောင့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများ ဖြစ်စေပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်	အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်	ရပ်တည်နိုင်မှု (မှတ်ချက်ကို

		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။)
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၆၀	၈၀	၀	မြင့်☑လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၂၀	၂၀	၀	မြင့်☑လတ်☐နိမ့်☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၆	၁၅	၅	မြင့်☐လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၁၀	၁၃	၀	မြင့်☐လတ်☐နိမ့်☑
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၅	၀	မြင့်☐လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၂	-	၃	မြင့်☐လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၅	၀	မြင့်☐လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐လတ်☐နိမ့်☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၂	-	မြင့်☐လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၃	မြင့်☐လတ်☐နိမ့်☑
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း			-	မြင့်☐လတ်☐နိမ့်☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက်	၂၀	၅၅	၁၂၅	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၀	၀	မြင့်□လတ်□နိမ့်☑
	စုစုပေါင်း	**၁၂၅**	**၁၉၅**	**၁၃၆**	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"**စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင် လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု"**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ပြင်ကြီးကျေးရွာ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အဓိက ဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ အိမ်ထောင်စု များပြားပါသည်။ ရေလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ကိုင် သော အိမ်ထောင်စု (၆) အိမ်ရှိပြီး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ (၃) အိမ်ရှိပါသည်။ အခြား အိမ်ထောင်စုများမှာ အမျိုးအမည်မဖော်ပြနိုင်သော လုပ်ငန်းများ၊ ပန်းရံလုပ်သားများ၊ ကုမ္ပဏီတွင် လုပ်ကိုင်သူများ၊ ပညာရေးဝန်ထမ်းများအဖြစ် လုပ်ကိုင်နေကြပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်လျက်ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၅၀၀၀	၆၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၇၀၀၀	-	၅၀၀၀	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	-	-	-	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ပြင်ကြီးကျေးရွာတွင် လယ်ယာစိုက်ပျိုးရေး (လယ်) လုပ်ငန်းတွင် နေ့စားပုတ်ပြတ် အလုပ်လုပ်သူ ပိုမိုများပြားပါသည်။ တစ်နေ့တွင် အမျိုးသား (၈၀၀၀)၊ အမျိုးသမီး (၅၀၀၀) ကျပ် ရရှိပါသည်။ တံငါလုပ်ငန်း၌ နေ့စား အမျိုးသား (၇၀၀၀)၊ အမျိုးသမီး (၅၀၀၀) ကျပ် ရရှိပါသည်။ ပြင်ကြီးကျေးရွာသည် ဥယျာဉ်ခြံလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြသည်။ တစ်ခါတစ်ရံ ပန်းရံ၊ ရေလုပ်ငန်း၊ ကျပန်း စသည်ဖြင့်လုပ်ကိုင်ကြပါသည်။ ကျား၊ မ လုပ်အားခနှိုင်းယှဉ် လျှင် ကျားလုပ်အားခက အနည်းငယ် ပိုများပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၉၀	ကောင်း ☑	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁၆၈	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	၅၀၀	ကောင်း ☐	သင့်☐	ညံ့ ☑

မြေအမျိုးအစား	ဧရိယာ (ဧက)	**မြေဆီလွှာ အရည်အသွေး**(မှန်ရာတစ်ခုကိုသာ ရွေးရန်)
မြေလွတ် မြေလပ်	-	ကောင်း ☐ သင့်☐ ညံ့ ☐
စုစုပေါင်း	**၇၅၈**	☒

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ပြင်ကြီးကျေးရွာမှ ရွာသူရွာသားများသည် လယ်နှင့် ဥယျာဉ်ခြံလုပ်ငန်းကိုသာ အဓိက လုပ်ကိုင်ကြပါသည်။ လယ်မြေ (၉၀) ဧကရှိသည်။ သို့သော်လည်း လယ်ပိုင်ရှင်များမှ စားဝတ်နေရေး အခက်အခဲကြောင့် လယ်မြေကို မလုပ်ကိုင်နိုင်ဘဲ တောင်ယာမြေကိုသာ အဓိက လုပ်ကိုင်ကြသည်။ စားကျက်မြေများစွာရှိပြီး ရွာပိုင်ဖြစ်သော်လည်း ရွာတွင်တိရိစ္ဆာန်များ မရှိသောကြောင့် အခြားရွာများမှ တိရိစ္ဆာန်များ လာရောက်ကျက်စားလေ့ ရှိပါသည်။ သက်သာသောချေးငွေများ ရလျှင် လယ်ယာပိုင်ရှင်များလည်း လယ်ယာမြေကို လုပ်ကိုင်နိုင်မည်ဖြစ်ပြီး စားကျက်မြေများကို လည်း ကောင်းမွန်စွာ ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက် သယံ ဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☑
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☑
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☑ သင့်☐ နည်း☐ မရှိ☐	လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☐ မရှိ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ပြင်ကြီးကျေးရွာတွင် ကွမ်း၊ အုန်း၊ သီဟိုဠ်၊ ရော်ဘာ၊ စပါးစသည်တို့

ထွက်ရှိပါသည်။ ဘုန်မသိမ်၊ ဂျာမနီ၊ လောက်သေ၊ သက်ရင်းကြီး၊ ထောက်စေးချောက်၊ ဆင်တုံးမန္တယ်၊ ကျားမနိုင်စသော ဆေးဖက်ဝင်အပင်များ စွာပေါက်ရောက်သောကြောင့် ကျန်းမာရေးအတွက် အရေးပါသော်လည်း ရွာသူရွာသားများမှာ နည်းစနစ်ကျကျ အသုံးပြုတတ်ခြင်းမရှိပါ။ ထို့ကြောင့် ကျန်းမာရေးနှင့် လူမှုဆိုင်ရာအဖွဲ့အစည်းများမှ တိုင်းရင်းဆေးနည်းစနစ်များ ရရှိလိုကြပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	**၂**	**၅၉**	**၃၅**	**၂၉**

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ် အကဲဖြတ်သော ဥစ္စာဓနအဆင့်ခွဲခြားမှု နည်းလမ်းအရ သိရှိရပါသည်။ အများစုမှာ အလယ်အလတ်ရှိသော အိမ်ထောင်စုနှင့် မပြေလည်သော အိမ်ထောင်စုများ ဖြစ်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၃	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၃ လုပ်အားခကြိုယူ = _____

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၁၁	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၁၁ လုပ်အားခကြိုယူ = _____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၆	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၆ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ပြင်ကြီးကျေးရွာသည် ဝမ်းစာဖူလုံမှု အားနည်းပါသည်။ ကျေးရွာ၏ မပြေလည်သောအိမ်ထောင်စု (၃၅) စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၂၉) စုပြီး စုစုပေါင်း (၆၄) အိမ်ထောင်စု၏ (၃၀) ရာခိုင်နှုန်းကို စစ်တမ်း ကောက်ယူမှုအရ ချေးယူခြင်း၊ လုပ်အားခ ကြိုယူခြင်းများဖြင့် မိသားစုစားဝတ်နေရေး ဖြေရှင်းကြပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	–	၁	၁
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၂	၈	၁၀
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၃		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၁		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ပြင်ကြီးကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ မရှိကြပေ။ မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို (၆၄) နှစ်နှင့်အထက် အဖွားအို တစ်ဦး ရှိပါသည်။ မိမိကိုယ်တိုင်ကြိုးစား၍ ဝမ်းစာရှာဖွေရပါသည်။ အများစုသည် ဆွေမျိုး တော်စပ်ကြသော ကြောင့် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြသည်။ ဆင်းရဲ၍ မိသားစု ဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စ (၃) စုရှိပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဧယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☑

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စားနပ်ရိက္ခာဖူလုံမှု မရှိပါ။ တောင်ယာစပါးကိုသာ အဓိကထားရသောကြောင့် ဝမ်စာရေးမှာ ဖူလုံမှုနည်းပါးပါသည်။ သဘာဝအရင်းအမြစ် များပြားသော်လည်း မိမိတို့ရွာမှ မထုတ်လုပ်နိုင်ကြပါ။ စိုက်ပျိုးမြေများ များပြားသော်လည်း ဥယျာဉ်ခြံစသော နှစ်ရှည်သီးနှံမျိုးများကို မစိုက်ပျိုးနိုင်ကြပါ။ မိုးရာသီတွင် တစ်ခါတစ်ရံရွာကို ရေရောက်လေ့ ရှိသည်။ သစ်တောများမှာ အတော်သင့်ပြုန်းတီးနေပါပြီး တိရိစ္ဆာန်ကူးစက်သော ရောဂါ တစ်ခါတရံ (တစ်နှစ်) ကူးစစ်တတ်သည်။ ပုလောမြို့၊ ပလောက်မြို့များနှင့် လမ်းပန်းဆက်သွယ်ရေးမှာ ယခင်ကာလများနှင့် နှိုင်းစာလျှင် အတန်ငယ် လွယ်ကူလာပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

